# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၃၃၇၅.၇၅၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေများတွင် တားဆီး/ဖမ်းဆီးခြင်း













နယ်မြေတားဆီးမှုအနေဖြင့် တားဆီးမှု (၄၈၀) မှုရှိ၍ စုစုပေါင်းခန့်မှန်းတန်ဖိုးမှာကျပ် (၃၀၅၃.၈၆၉) သန်းခန့် ရှိသည့်အနက် ၃၀-၅-၂၀၁၇ ရက်နေ့တွင် မြဝတီ မှ ရန်ကုန် သို့သွားရောက်မည့် Toyota Crown(၁) စီး၊ Toyota Alphard (၂) စီး၊ Suzuki Carry (၁) စီး၊ Nissan Elgrand (၁) စီး၊ Nissan X-Trail (၁) စီး၊ Toyota Kluger(၂) စီး၊ Nissan Wingroad (၁) စီး၊ Diahatsu Hijet (၁) စီး၊ Toyota Hiace (၁) စီး နှင့်ToyotaWish (၃)စီးတို့အား မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါယာဉ်(၁၄) စီး စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၄၆) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။